နမ့်တာပီး (အောက်)ကျေးရွာ

မိုင်းခတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၂ – ၂၀၂၃) ခု ဘဏ္ဍာရေးနှစ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

နမ့်တာပီး(အောက်)ကျေးရွာ၊ မိုင်းခတ်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ ဩဂုတ်လ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၂

စကားချီး ၆

နမ့်တာပီး(အောက်)ကျေးရွာသယံဇာတပြဖြေပုံ၊မိုင်းခတ်မြို့နယ် ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် **၉**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၇

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်
ကျသောချိတ်ဆက်မှုများ ၁၉

(၈) ဦးစားပေးစီမံချက်များနှင့်ဝင်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၂၀

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၃

(၁၀)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ
၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်
အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

(ဃ) ကိုးကားစာရင်း

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၂၉

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား ၁လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်ခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု(၂)
ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေရင်းမြစ်နှင့်ရေသွင်းဇရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊
ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉
သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အ
ကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှု
နှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု

ဇယား ၃၈ အိမ်သာအမျိုးအစာ
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၇၁
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်စာရင်း ၇၂
ကိုးကားစာရင်း ၇၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်အတွင်း ကျွန်ုပ်တို့ဖာလန်ကော်ကျေးရွာအုပ်စု၊ နမ့်တာပီးကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ၏ပထမဦးဆုံးသောကျေးရွာမှလူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏာန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏာန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုပြီးကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ်လ၊ ၂၀၂၂။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နမ့်တာပီး(အောက်)ကျေးရွာ
ဖာလန်ကော်ကျေးရွာအုပ်စု
မိုင်းခတ်မြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်ဖြစ်ပြီး ကျေးရွာများအတွက် အမှန်တယ်လိုအပ်လျက်ရှိသော စီမံကိန်းလုပ်ငန်းများအား ကျေးရွာအများသဘောတူညီချက်ဖြင့် ရွေးချယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ေးဆွဲရာတွင်ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏာန်း၊သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏာန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊
(၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအ
ညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ပြည်နယ်နှင့်တို
င်းအဆင့်၊ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချ
က်နှင့်ဝင်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်
ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)
နှင့်အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေး
ဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွ
က်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျန်
တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်
ကျန်တော်တို့ကျေးရွာနှင့်ဆိုင်သောဌင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာ
နိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်
းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ
ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်ေ
ောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်ဌင်းတို့အချင်းချင်းပေါင်းစည်းေ
ောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်း
စပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျန်ုပ်တို့ကိုယ်တိုင်
တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူ
အညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲ
ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်
းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ဤသို့ပြ

ြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုလက်တွေ့အကောင်အထည်ဖော်ရာတွင်ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နှင့် မိုင်းခတ်-မိုင်းယန်းကားလမ်းမကြီး ဘေးတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မိုင်းခတ်မြို့နှင့်ဆက်သွယ်ရလွယ်ကူပါသည်။ ကျေးရွာသည် တောင်ကုန်းဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်းဆောင်ရွက်ကြပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ ၈၀မှ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် အတင့်အတင့်အထောက်အကူပြုပါသည်။ လယ်ယာမြေများသည် စပါး ထုတ်လုပ်ရန်နှင့်အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိကထားပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအတင့်အတင့်ရှိကြပြီး တောင်ကုန်းဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်ပါသည်။ တောင်သူအချို့မှာ နမ့်လွေချောင်းမှရေကို အသုံးပြု၍ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးနှင့်ပြောင်းဖူးကိုအဓိကထား စိုက်ပျိုးကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

နမ့်တာပီး(အောက်)ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၃)စုနှင့်ကျား(၄၆)၊မ(၄၆)ဦးဖြင့် လူဦးရေပေါင်း(၉၂)ဦးရှိပါသည်။ ကျေးရွာတွင် လားဟူနှင့်အာခါလူမျိုးများနေထိုင်ကြပြီးအလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေးပေါင်း၏ ၅၀% ခန့် ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ဆင်းရဲချမ်းသာမှုအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၄၂%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသည့် အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး ၁၅% သည် ချမ်းသာအဆင့်၊ ၄၃% သည်အလယ်အလတ်အဆင့်ရှိသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံး စက်ကိရိယာပိုင်ဆိုင်မှုနှင့် ချောင်းရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထား အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်ရံနှင့် အခြားဝင်ငွေရလုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်ကြသည်။

ယင်းတို့အနက် အလယ်အလတ်အဆင့်နှင့် ဆင်းရဲသည့် အဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားနှင့် မြေယာမဲ့အိမ်ထောင်စုများလည်း ရှိကြပါသည်။ ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စု အရေအတွက် များပြားကာ ဆင်းရဲသည့်အိမ်ထောင်စုနှင့် အလွန်ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများဖြစ်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ကြရပါသည်။ ကျေးရွာမှဆင်းရဲသည့်အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ ၃၀% အနက် အိမ်ထောင်စု (၃) စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့မှာ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ချေးငှားပြီး စားသုံးနိုင်ကြောင်း၊ အချို့မှာ မချေးငှားပဲ သုံးလခန့် စားသုံးနိုင်ကြောင်း၊ အချို့မှာ ၃လမှ၅လခန့်၊ သူတပါးထံမှ ချေးငှားစရာမလိုပဲ နပ်မှန်အောင် စားသုံးနိုင်ကြောင်းတွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုရှိသော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၂၀၀၀၀ ကျပ်မှ တစ်သန်းအထိ တင်ရှိကြပါသည်။

အိမ်ထောင်စုအားလုံး၏၃%ခန့်သည်အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာဆင်းရဲကာ မိသားစုဦးရေများပြားကြပါသည်။ အလားတူအိမ်ထောင်စု (၃) ခုသည်ဆင်းရဲသည့်ထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြပါသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မသန်စွမ်း(၂)ဦးနှင့် မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည့် သက်ကြီးရွယ်အိုများဖြစ်ကြသည်။ ပြင်ပသို့သွားရောက်ပြီး

ဝင်ငွေရရှိရေးအတွက်အလုပ်သွားရောက်လုပ်ကိုင်ကြသည့်လူငယ်လူရွယ်များလိင်မှတစ်ဆင့် ကူးစက်တက်သည့်ရောဂါများ၊ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတက်ကြပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

နမ့်တာပီး(အောက်) ကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုမှာ ကျန်းမာကြပါသည်။ အမျိုးသမီး၊လူငယ်၊လူရွယ်သက်ကြီးပိုင်းတို့ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြပါသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာသူ/သားတိုင်း ရရှိနိုင်ကြပြီး (၁၁) ကီလိုမီတာအကွာအဝေးဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်းလက်လှမ်းမီသည်။

ကျေးရွာတွင်“စိမ့်စမ်း”ရေရရှိပြီးငင်းစိမ်စမ်းရေဖြင့်သောက်သုံးရေရယူကာကျေးရွာ၏သောက်ရေ/သုံးရေဖူလုံကြောင်းတွေ့ရှိရပါသည်။

(c) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည်အသင့်အတင့်ရှိပါသည်။ကျေးရွာတွင်အခြေခံပညာများရေးကိုရွာထဲရှိမူလတန်းကျောင်းတို့တွင် တက်ရောက်သင်ကြားနိုင်ကြပါသည်။ သို့သော်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်ပါသည်။

(စ) ကျား-မရေးရာ

နမ့်တာပီး(အောက်)ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာလွတ်လပ်မှုရှိပါသည်။ကျားမဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများကိုလည်း ကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင်ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင်ရှေးရိုးထုံးတမ်းကိုစွဲကိုင်လျက်ရှိပြီးအများအားဖြင့်အမျိုးသားများကဦးေေဆာင်လျက်ရှိသည်။ကျေးရွာ၏လူဦးရေဆိုင်ရာအချက်အလက်များအရအမျိုးသားအရေအတွက်သည် အမျိုးသမီးလူဦးရေထက်အနည်းငယ်ပိုကြောင်းတွေ့ရသည်။ သာမန်အားဖြင့်ပညာ

ရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ကျေးရွာတွင်နေ့တွက်လုပ်အားခငွေများမှာအမျိုးသားများကပိုမိုရကြသည်။အုပ်ချုပ်ရေးအဖွဲ့ အစည်းများတွင်မူအမျိုးသမီးပါဝင်မှုမှာ အလွန်နည်းကြောင်း တွေ့ရှိရပါသည်။ ကျား–မ တန်းတူညီမျှမှုနှင့်ပါတ်သက်၍အသိပညာပေးခြင်းများမြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့်ကျား–မ တန်းတူညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့များဖွဲ့စည်းထားရှိပါသည်။ အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းများလည်းရှိပြီး ဆောင်ရွက်မှုအားနည်းပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာတစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှုအားနည်းကြပြီး အမျိုးသမီးများမှာ အဖွဲ့အစည်းများနှင့် လုပ်ဆောင်ရန် အသိပညာနည်းပါးကြောင်း တွေ့ရှိရပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပို့ချနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်တက်ကောင်းမွန်လာနိုင်သည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

တောင်သူအများစုသည် ချောင်းမှရေကို သွင်းယူစိုက်ပျိုးကြပါသည်။ ပြင်ပသို့ သွားရောက်လုပ်ကိုင်ကြသည့်အတွက် လယ်ယာမြေစိုက်ပျိုးချိန်တွင် တောင်သူအများစုမှာ တစ်ချိန်တည်း စိုက်ပျိုးကြသည့်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကိုရင်ဆိုင်ရတတ်ပြီး ကုန်ကျစရိတ်မြင့်မားကြောင်းတွေ့ရှိရပါသည်။ အချို့တောင်သူများမှာအလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန်စပါးစိုက်ရာတွင် စပါး စေ့များကြဲပြီး စိုက်ပျိုးသည့်စနစ်ကို အသုံးပြုကြသည်။တောင်သူများသည်တခါတရံတွင်မိုးရွာသွန်းမှုမညီမျှသည့် အခက်အခဲများ ရင်ဆိုင်ကြရပါသည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စုအရေအတွက်သည် ကျေးရွာတစ်ရွာလုံး၏ ၁၉% ဝန်းကျင်သာရှိပြီး ဒေသမှဝက်မျိုးကိုမွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုများသည်လည်း တစ်ရွာလုံး၏၂၂% ခန့်ရှိပြီး ဈေးကွက်တွင်ဝယ်လိုအားရှိသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သောတိရစ္ဆာန်ရောဂါကြောင့် သေဆုံးပျက်စီးမှုများရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့်လွမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းပါသည်။ မွေးမြူရေးလုပ်ငန်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်၊တိုးချဲ့ဆောင်ရွက်ရန်အိမ်ထောင်စုများကမရရှိနိုင်ချေ။ကျေးရွာတွင်မွေးမြူရန်နေရာအဆင်မပြေသောကြောင့်ငါးမွေးမြူရေးလုပ်ငန်းများမရှိချေ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ အိမ်တွင်ကုန်စုံဆိုင်ဖွင့်၍စျေးရောင်းသော အိမ်ထောင်စုများလည်းရှိပါသည်။ ပန်းရံ၊ လက်သမားအဖြစ် လုပ်ကိုင်သူများလည်းရှိသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သော ဦးရေမှာ စုစုပေါင်းလူဦးရေ၏ ထက်ဝက်ခန့်ရှိကာ ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအထောက် အကူပြုသင်တန်းများဖြစ်သော စိုက်ပျိုးရေးမွေးမြူရေးသင်တန်း၊ အပ်ချုပ်စက်၊ ပန်းရံ လက်သမားလုပ်ငန်း သင်တန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တက်ရောက်နိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ခြင်းဖြင့် ကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

နမ့်တာပီး(အောက်)ကျေးရွာတွင်တောင်သူများသည် သဘာဝမေြဩဖြစ်သည့် နွားချေး၊ ကျွဲချေးများကိုလည်း အသုံးပြုလျက်ရှိပြီး ဓါတုပိုးသတ်ဆေးနှင့်မြေြဩ များကိုလည်း ဝယ်ယူအသုံးပြုကြပါသည်။ လယ်ယာမြေများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်း များကိုလည်း စနစ်တကျ သိမ်းဆည်းမှုအားနည်းပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ် စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများနှင့်အမှိုက်များစနစ်တကျစွန့်ပစ်မှု အားနည်းပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာသူ/သားအများစုသည် ချေးငွေကို စားနပ်ရိက္ခာအတွက် အများဆုံး ချေးယူ ကြရပြီး အချို့မှာ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ချေးယူကြပါသည်။ ငွေလွဲပို့မှုများအတွက် ဘဏ်၊ လူကြုံများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

နမ့်တာပီး(အောက်)ကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်းသာရှိပါသည်။ မူလတန်းကျောင်းသည်ကျေးရွာတွင်ရှိသောကြောင့်သွားလာရအဆင်ပြေပါသည်။ကျောင်းနေ အရွယ်ကလေးတိုင်းကျောင်းတက်ကြပါသည်။ကျောင်းသားများသည်မူလတန်းနှင့်အလယ်တ နန်းပညာကိုသာပြီးဆုံးအောင်သင်ကြားကြပြီးအထက်တန်းပညာကိုဆက်လက်တက်ရောက် သူနည်းပါးကြပါသည်။စာသင်ကျောင်းတွင် ကျောင်းသားလူဦးရေအသင့်သင့်ရှိပါသည်။

ဆင်းရဲသောမိသားစုများသည်ကျောင်းစရိတ်မတတ်နိုင်သဖြင့်မူလတန်းအောင်မြင်ပြီးလျှင်ပ
ညာဆက်လက်သင်ယူနိုင်ခြင်းမရှိပဲစားဝတ်နေရေးနှင့်ငွေကြေးအတွက်အငှားလိုက်ခြင်း၊
လယ်ယာ လုပ်သားအဖြစ် လုပ်ကိုင်ခြင်းနှင့် ပြည်တွင်း၊ ပြည်ပတို့သို့ သွားလာ
လုပ်ကိုင်ကြရပါသည်။ တက္ကသိုလ်ကျောင်းဆက်တက်သောကျောင်းသား/သူ မရှိသလောက်
နည်းပါသည်။

နမ့်တာပီး(အောက်)ကျေးရွာတွင် ကျေးလက်ကျန်းမားရေးဆေးပေးခန်းမရှိပါ။
ကျေးရွာသို့ တာဝန်ကျကျေးလက်ကျန်းမာရေးဆရာ/မ များမှလာရောက်၍ကာကွယ်
ဆေးများထိုးပေးပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ကျေးရွာတွင်
ရောဂါဖြစ်ပါက ဆေးကုသမှုခံယူရန် မိုင်းခတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်
ကုသကြပါသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို ကျေးရွာအုပ်စု
ကျန်းမာရေးဌာန၊ မိုင်းခတ်မြို့နယ် ပြည်သူ့ဆေးရုံနှင့်ဆေးခန်းများမှရရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအဖြစ် ရွာထဲရှိအုတ်ရေကန်မှ ပိုက်များဖြင့်
သွယ်တန်း၍အသုံးပြုကြပါသည်။ ထိုအုတ်ရေကန်မှ နွေရာသီ၊ မိုးရာသီနှင့် ဆောင်းရာသီ
(၁)နှစ်ပတ်လုံး ရေရရှိပြီး ၎င်းရေအား သောက်သုံးရေအဖြစ် အသုံးပြုကြပါသည်။
ထိုအုတ်ရေကန်မှလည်း အိမ်တိုင်ရာရောက် ရေပေးဝေခြင်းကြောင့် ကျေးရွာတွင် တစ်နှစ်
ပတ်လုံး ရေဖူလုံမှုရှိပါသည်။ ကျေးရွာမှ ထွက်ရှိသည့် အမှိုက်များကိုရွာအနောက်တွင်
စုပုံစွန့်ပစ်သည့် စနစ်ကို စတင်ကျင့်သုံးကြရန် လိုအပ်သောအနေအထားဖြစ်ပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

နမ့်တာပီး(အောက်)ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်
နေရာသီးသန့်မရှိပေ။ ကျေးရွာတွင်ရိုးရာဓလေ့ပွဲတော်များတွင် ကျေးရွာလူငယ်များအားလုံး
ပါဝင်ဆင်နွှဲကြ ပါသည်။ စာပေနှင့်ယဉ်ကျေးမှုအပိုင်းတွင်လည်းလူငယ်များ ပါဝင်မှု
အားနည်းပါည်။သို့သော်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လူငယ်များပါဝင်လုပ်ဆောင်မှုအ
သင့်အတင့်ရှိပါသည်။

(၈) အခြေခံအဆောက်အဦ – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

နမ့်တာပီး(အောက်)ကျေးရွာ၏ ရွာတွင်းလမ်းများသည် ကျောက်ခင်းလမ်းဖြစ်ပြီး၊ သွားလာရန်အဆင်ပြေသော လမ်းဖြစ်ပါသည်။ ယခုအခါ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ဖြင့် မြေထိန်းနံရံဆောက်လုပ်ခြင်လုပ်ငန်းအား ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီများ ကိုယ်တိုင်လုပ်ဆောင်ကြပါသည်။ လမ်းပမ်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်အစီး(၂၇)၊ သုံဘီး(၂)စီးအသုံးပြုလျက်ရှိသည်။

ကျေးရွာရှိအိမ်ထောင်စုများသည်ဆိုလာပြားဖြင့် လျှပ်စစ်မီးသုံးစွဲပါသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းမရှိပါ။ ယခုအခါ အိမ်အများစုသည် ဆိုလာမီးဖြင့် အသုံးပြုလျက် ရှိပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုနိုင်မှုရှိပြီး အခြားသတင်း အချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ကျေးရွာရှိအိမ်ထောင်စုတိုင်းတယ် လီဖုန်းများရှိခြင်းကြောင့်သတင်းဆက်သွယ်ရေးမှာအလွန်ကောင်းမွန်ကြောင်းတွေ့ရှိရပါသ ည်။မြို့နယ်ဌာနများသို့ဆက်သွယ်ရာတွင်အဓိကအားဖြင့်တယ်လီဖုန်း၊ကျေးရွာသူကြီး၊ကျေးရွ ာစာရေးတို့မှတဆင့်ဆက်သွယ်ကြပါသည်။ဆက်သွယ်ရေးအတွက်အမ်ပီတီ၊တယ်လီနော၊ဖု နိုင်းလိုင်းများကိုအသုံးပြုကြပြီးအိမ်ထောင်စုတိုင်းတယ်လီဖုန်းသုံးစွဲလျက်ရှိပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည် ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကိုအသုံးပြုနိုင် ြပြီးလိုအပ်သောသတင်းအရင်းအမြစ်များအတွက်လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။အာ မခံစနစ်ကိုချိတ်ဆက်အသုံးပြုနိုင်သော်လည်းချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်သည်ဟုမယူ ဆခြင်း၊ဗဟုသုတမရှိခြင်းတို့ကြောင့်ချိတ်ဆက်ဆောင်ရွက်သူမရှိသလောက်ပင်ဖြစ်သည်။ကေ ျးရွာတွင်သဘာဝဘေးအန္တရာယ်ကျရောက်လေ့မရှိသဖြင့်သဘာဝဘေးအန္တရာယ်လျော့ပါး ရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ကျေးရွာသားများသည်(၃.၉)မိုင်ခန့်အကွာရှိမိုင်း ခတ်မြို့နယ်ရဲစခန်းသို့အလွယ်တကူချိတ်ဆက်နိုင်ပြီးကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွါးခြင်းနည်း ပါးသည်။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ် မှုများ

(က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ

သဘာဝအရင်းအမြစ်များတွင်ယာမြေများသည် မြေညိုများဖြစ်ပြီးမြေဆီဩဇာအသင့်အတင့်ရှိပါသည်။ရာသီဥတုကောင်းမွန်ပြီးရာသီပေါ်သီးနှံများစိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် စျေးကွက်ကောင်းသည်အထူးသဖြင့် နွားကြက်နှင့် ဝက်ကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့အဆင်ပြေစွာလုပ်ကိုင်ကြပါသည်။ကျေးရွာတွင်(CDMA)မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုစျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင်အင်တာနက်လိုင်းများမကောင်းသဖြင့်အင်တာနတ်သုံးစွဲ၍မရပါ။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိယာမြေများမှာ မြေဆီလွှာကောင်မွန်ကြောင်းတွေ့ရှိရပြီး အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုမှုများပြားပြီး သက်ဆိုင်ရာ ဌာနဖြင့် ချိတ်ဆက်မှုနည်းပါးသည်။

နမ့်တာပီး(အောက်)ကျေးရွာတွင်အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်ကျေးရွာတွင်အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက်အလွန်နည်းပါသည်။အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက်ကုန်ကြမ်း၊အတတ်ပညာ၊အသိပညာအထိအတွေ့တို့ အလွန်အားနည်းပါသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာရှိခန်းမဆောင်အား ရေရှည်တည်တံ့ ခိုင်မြဲအောင် မြေထိန်းနံရံပြုလုပ် ဆောင်ရွက်သွားမည်။

(က.၂) ကျေးရွာတွင်း မီးလင်းရေး ဆိုလာမီးရရှိအောင် ဆောင်ရွက်သွားမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည်ကျေးရွာတွင်းဆေးပေးခန်းရရှိအောင်ဆောင်ရွက်သွား

မည်။

(က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာရှိ စာသင်ကျောင်းအား အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်သွားမည်။

(က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည်ကျေးရွာတွင်အများသုံးအိမ်သာရှိအောင် ဆောင်ရွက်သွားမည်။

(က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းရှိလမ်းများအား ကောင်းမွန်အောင် ကွန်ကရစ်ခင်းခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်သွားမည်။

(က.၇) ကျေးရွာ၏ သီးနှံထွက်ကုန်များ တင်ပို့ရောင်းချမှု အဆင်ပြေစေရန် ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်သွားမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(က.၁) ကျေးရွာရှိခန်းမဆောင်အား ရေရှည်တည်တံ့ ခိုင်မြဲအောင် မြေထိန်းနံရံပြုလုပ်ဆောင်ရွက်သွားမည်။

(က.၂) ကျေးရွာတွင်း မီးလင်းရေး ဆိုလာမီးရရှိအောင် ဆောင်ရွက်သွားမည်။

(က.၃) ကျေးရွာတွင်းဆေးပေးခန်းရရှိအောင်ဆောင်ရွက် သွားမည်။

(က.၄) ကျေးရွာရှိ စာသင်ကျောင်းအား အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်သွားမည်။

(က.၅) ကျေးရွာတွင်အများသုံးအိမ်သာရှိအောင် ဆောင်ရွက် သွားမည်။

(က.၆) ကျေးရွာတွင်းရှိလမ်းများအား ကောင်းမွန်အောင် ကွန်ကရစ်ခင်းခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်သွားမည်။

(က.၇) ကျေးရွာ၏ သီးနှံထွက်ကုန်များ တင်ပို့ရောင်းချမှု အဆင်ပြေစေရန် ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်သွားမည်။

၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ

နိုင်ငံတော်၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်
ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။အနာဂတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး၊

ကျေးရွာတွင်ယာမြေများတွင်စပါး၊ပြောင်း၊မြေပဲတို့ကိုစိုက်ပျိုးကြသည်။စိုက်ပျိုးထုတ်လုပ်မှုတွင်မိရိုးဖလာနည်းကိုသာအသုံးပြုကြပါသည်။နည်းပညာအသုံးပြုပုံများအပါအဝင်မျိုးကောင်းမျိုးသန့်အသုံးပြုရေးအတွက်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

လယ်သမားများသည်စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက်အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်လျက်ရှိပါသည်။

(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျွန်တော်တို့ကျေးရွာမှစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှအပအခြားမည်သည့်အလုပ်အကိုင်မှမတွေ့ရသေးပါ။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်ဆိုင်ကယ်၊ကားစသည့်စက်ပြင်သင်တန်း၊အပ်ချုပ်သင်တန်း၊လက်သမား၊ပန်ရံသင်တန်း၊

စိုက်ပျိုးရေးမွေးမြူရေးသင်တန်းအစရှိသည့်အသက်မွေးဝမ်းကျောင်းသင်တန်းများကိုတစ်နှစ်ပတ်လုံးဝန်ဆောင်မှုပေးနိုင်အောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

၈။ စီမံကိန်းစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများအပြြစ်သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုမှငါးနှစ်တာစီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလနှင့်ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်အလုံးစုံပြည့်စုံမှုမရှိနိုင်ပါ။ဆိုလိုသည်မှာကျေးရွာလူထုသည်ဤသို့မျှော်မှန်းရေးဆွဲထားပြီးသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းထပ်မံဖော်ထုတ်သွားကြမည်ဖြစ်ပါသည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲနောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

(ခ)ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်းစီမံချက်များစီမံချက်ဆိုင်ရာအချက်အလက်များကိုစီစစ်စိတ်ဖြာနိုင်ရန်အတွက်လုပ်ငန်းဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစသည်ဖြင့်အခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံသောစီမံကိန်းအုပ်စု(Functional classification)သတ်မှတ်ခြင်းဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက်မည်သို့ဆောင်ရွက်ရမည်ကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံသောအုပ်စု (Economic classification)သတ်မှတ်ခြင်းသည်စီမံချက်ကိုအကဲဖြတ်ရာတွင်စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံသောစီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်ဝန်ကြီးဌာနများ၊ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံသောစီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

(ဂ)ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာ
အဖွဲ့အစည်းထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	ရှင်းလင်းဖော်ပြချက်	မှတ်ချက်
အဆောက်အဦး	မြေထိန်းနံရံဆောက်လုပ်ခြင်း	၅၀	၁	ကျေးရွာတွင်းရှိခန်းမဆောင်အားမြေထိန်းနံရံဆောင်ရွက်နိုင်ရန်သက်ဆိုင်ရာနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။	
မီးလင်းရေး	ဆိုလာလမ်းမီးတိုင်စိုက်ထူခြင်း	၄၅	၂	ကျေးရွာသူ/သားများအားလုံး မြေ၊ကင်းအန္တရာယ်ကင်းဝေးပြီး အလင်းရရှိစေရန် သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။	

ကျန်းမာရေး	ကျေးလက်ဆေးပေးခန်းတင်ပြတောင်းခံခြင်း	၄၀	၃	ကျေးရွာတွင်ဆေးပေးခန်း ရရှိအောင် သက်ဆိုင်ရာနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။	
ပညာရေး	စာသင်ကျောင်းဆောင်ပြုပြင်ခြင်းနှင့် ဆောက်လုပ်ခြင်း	၃၅	၄	စာသင်ကျောင်းဆောင် တည်ဆောက်ရန် မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	
အခြား	ကျေးလက်အိမ်သာတင်ပြတောင်းခံခြင်း	၃၀	၅	ကျေးရွာတွင်အများသုံးအိမ်သာရရှိအောင် သက်ဆိုင်ရာနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။	
လမ်း၊ တံတား	ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်း	၂၅	၆	ကျေးရွာတွင်းလမ်းများအား အဆင့်မြှင့်တင်ရန် သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။	
လမ်း၊ တံတား	ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၂၀	၇	ကျေးရွာထွက်မှရှိသော သီးနှံများတင်ပို့ရောင်းချမှုနှင့် သယ်ယူပို့ဆောင်မှုအဆင်ပြေ ချောမွေ့စေရန် ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။	

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလအတွင်းကွင်းဆင်းဆောင်ရွက်ချက်များကိုအခြေခံ၍ရေးဆွဲထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကိုနှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်-

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	မြေထိန်းနံရံ ဆောက်လုပ်ခြင်း	၁	√				
၂	ဆိုလာလမ်းမီးတိုင်စိုက်ထူခြင်း	၂		√			
၃	ကျေးလက်ဆေးပေးခန်း တင်ပြ တောင်းခံခြင်း	၃			√		
၄	စာသင်ကျောင်းဆောင် ပြုပြင်ခြင်းနှင့် ဆောက်လုပ်ခြင်း	၄			√		
၅	ကျေးလက်အိမ်သာတင်ပြ တောင်း ခံခြင်း	၅		√			
၆	ကျေးရွာတွင်းလမ်းများ အဆင့်မြှင့် တင်ခြင်း	၆				√	
၇	ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ် ခြင်း	၇		√			√

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖေါ်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်ေ ောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျက်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။

(ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာလုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	မြေထိန်းနံရံ ဆောက်လုပ်ခြင်း	၁၀၀		√		
၂	ဆိုလာလမ်းမီးတိုင်စိုက်ထူခြင်း	၁၀၀		√		
၃	ကျေးလက်ဆေးပေးခန်း တင်ပြတောင်းခံခြင်း	၁၀၀		√		
၄	စာသင်ကျောင်းဆောင် ပြုပြင်ခြင်းနှင့် ဆောက်လုပ်ခြင်း	၁၀၀		√		
၅	ကျေးလက်အိမ်သာတင်ပြ တောင်းခံခြင်း	၁၀၀		√		
၆	ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း	၁၀၀		√		
၇	ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၁၀၀		√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးသည်ကျေးရွာသား/သူများတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးစောင့်ကြည့်ကြီးကြပ်ရေးတာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ဥပမာမိဘဆရာအသင်းသည်ကျေးရွာအလယ်တန်းကျောင်း၏ပညာရေးအရည်အသွေးတိုးတက်ကောင်းမွန်လားစေရန်တာဝန်ယူဆောင်ရွက်လိုခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

